**မြန်မာဘာသာစကား**

# နိုင်ငံခြားသားများအတွက်
# အမှိုက်စွန့်ပစ်ရေး
# လမ်းညွှန်




## ဆာဂမြို့၏
## အိမ်တွင်းအမှိုက်ခွဲခြားပုံ
## နှင့် စွန့်ပစ်ပုံနည်းလမ်း


အမှိုက်ပစ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း P1 ▶
အမှိုက်ပစ်သည့်နေရာတွင် ပစ်၍မရသော အရာများ P2 ▶
လောင်ကျွမ်းလွယ်သောအမှိုက် P3 ▶
မလောင်ကျွမ်းနိုင်သော အမှိုက် P4 ▶
ပုလင်းများ၊ သံဗူးများ P5 ▶
ပလတ်စတစ်ပုလင်းများ P6 ▶
စက္ကူများ၊ အဝတ်အထည် P7 ▶
အကြီးစားအမှိုက် P8 ▶
အိမ်သုံးလျှပ်စစ်ပစ္စည်း ၄မျိုး P9 ▶
WHY?! P10 ▶


ミャンマー語版

# 01 အမှိုက်ပစ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း

| လောင်ကျွမ်းလွယ်သောအမှိုက် | မလောင်ကျွမ်းနိုင်သော အမှိုက် | ပုလင်းများ၊ သံဗူးများ | ပလတ်စတစ်ပုလင်းများ | စက္ကူအမျိုးအစား | အဝတ်အထည်အမျိုးအစား |
|---|---|---|---|---|---|

(၁) ခွဲခြားထားပါ။



(၂) ဝယ်ပါ။

| သတ်မှတ်ပေးထားသောအိတ် | | | | စက္ကူကြိုး | အိတ် |
|---|---|---|---|---|---|




စူပါမားကတ်များနှင့် ကွန်ဗီနီစတိုးတို့တွင် ဝယ်ယူနိုင်သည်။

(၃) ချည်နှောင်ပါ။




(၄) အမှိုက်လာရောက်သိမ်းမည့်နေ့ ကို သေချာစွာ စစ်ဆေးပါ။

| တစ်ပတ်တွင်း ၂ ကြိမ် | တစ်လတွင်း ၂ ကြိမ် | | | | |
|---|---|---|---|---|---|

အမှိုက်သိမ်းသည့်နေ့မှာ မိမိနေထိုင်ရာ နေရာပေါ် လိုက်၍ ကွဲပြားပါသဖြင့် **အမှိုက်သိမ်းယူ သည့် အချိန်ဇယားကို** သေချာစွာ စစ်ဆေးပါ။ အမှိုက်သိမ်းယူသည့် အချိန်ဇယား အား ဆဂမြို့နယ်ရုံး သို့မဟုတ် ဆဂမြို့ စွန့်ပစ်အမှိုက်စက်ရုံ တွင် ဖြန့်ဝေပေး လျှက် ရှိပါသည်။

(၅) အမှိုက်သိမ်းယူသည့်နေ့ **မနက်ခင်း ၈နာရီခွဲမတိုင်ခင်အထိ** အမှိုက်ပစ်ရန်နေရာ (အမှိုက်သိမ်း သည့် နေရာ) သို့ ထုတ်ရပါမည်။ !

မိမိနေထိုင်ရာဒေသပေါ်မူတည်၍ အမှိုက်သိမ်းသည့်နေရာ ကွဲပြားပါသဖြင့် သေချာစွာ စစ်ဆေးထားရပါမည်။

အမှိုက်ပစ်ခြင်းနှင့် စပ်လျဉ်း၍ အခက်အခဲ၊ နားမလည်သည့်ကိစ္စ၊ မလုပ်နိုင်သည့်ကိစ္စများ ရှိပါက အနီးပတ်ဝန်းကျင်မှ သူများနှင့် ဆဂမြို့ စွန့်ပစ်အမှိုက်စက်ရုံ သို့ သွားရောက်၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ပါ။


ဆဂမြို့စွန့်ပစ်အမှိုက်စက်ရုံ ☎0952-30-2430 ✉ junkan@city.saga.lg.jp

# တားမြစ်ထားသည်

## အမှိုက်ပစ်သည့်နေရာတွင် ဤအရာများအား စွန့်ပစ်၍မရပါ။


### အကြီးစားအမှိုက်

အိတ်ထဲသို့ ထည့်သွင်းရန်မဆန့်သည့် အမှိုက်များ



အဆိုပါ ပစ္စည်းများအား မည်ကဲ့သို့ စွန့်ပစ်ရမည်ကို **စာမျက်နှာ ၈** တွင် ကြည့်ရှုပါ။

### အိမ်သုံးလျှပ်စစ်ပစ္စည်း ၄မျိုး




အဆိုပါ ပစ္စည်းများအား မည်ကဲ့သို့ စွန့်ပစ်ရမည်ကို **စာမျက်နှာ ၉** တွင် ကြည့်ရှုပါ။

### ကွန်ပျူတာများ



ကွန်ပျူတာ 3R မြှင့်တင်သော အဖွဲ့အစည်းသို့ ဖုန်းဖြင့်ဆက်သွယ်ပါ။

☎03-5282-7685

http://www.pc3r.jp

### အပ်ပါသော အရာများ




ဆေးထိုးအပ်များအား ဆေးရုံ သို့မဟုတ် ဆေးဆိုင်များသို့ ပြန်ပေးရပါမည်။




### အခြား

**နမူနာပစ္စည်းများ**




- စွန့်ပစ်ပေးနိုင်သော လုပ်ငန်းအား သိလိုပါသည်။
- အမှိုက်သိမ်းသည့်နေရာတွင် စွန့်ပစ်၍ ရမရ နားမလည်ပါ။

အဆိုပါအချိန်မျိုးတွင်

**ဆာဂမြို့ စွန့်ပစ်အမှိုက်စက်ရုံသို့ အီးမေးလ်ဖြင့် သို့မဟုတ် ဖုန်းဖြင့် အကြောင်းကြားပါ။**

☎0952-30-2430

✉ junkan@city.saga.lg.jp

# 03 လောင်ကျွမ်းလွယ်သောအမှိုက်



လောင်ကျွမ်းလွယ်သော
အမှိုက်များ ပစ်ပုံပစ်နည်းကို
ဗီဒီယိုဖြင့် ရှင်းပြပါ မည်။

**1** သတ်မှတ်ထားသော အိတ်ကို ဝယ်ပါ။

**2** အမှိုက်များကို အိတ်ထဲသို့ ထည့်၍ ချည်နှောင်ပါ။









**တားမြစ်ထားပါသည်။**

- မီးဖိုချောင်မှထွက်သောအမှိုက်




အမှိုက်အိတ်အား သေချာစွာညှစ်၍ အရည်များထုတ်ပစ်ပါ။

- ရာဘာပစ္စည်းများ




- သားရေထည်များ



အချို့သော သတ္တုပစ္စည်းများမှာ ပစ်၍ ရသည်။

- ပလတ်စတစ် သို့မဟုတ် ဗီနိုင်း ပစ္စည်းများ



- စာရွက်အပိုင်းအစများ




မစင်စသည့် အညစ်အကြေးများအား အိမ်သာထဲသို့ စွန့်ပစ်ပါ။ !

- အဝတ်အထည် စွန့်ပစ်အမှိုက်များ



ညစ်ပေနေသော အဝတ်များ

- သစ်ထည်များ



ဘလောက်တုံးများ

လောင်ကျွမ်းမလွယ်သော အမှိုက်များ အား ပစ်ပုံပစ်နည်း ကို ဗီဒီယိုဖြင့် ရှင်းပြပါမည်။

# 04 မလောင်ကျွမ်းနိုင်သောအမှိုက်

**1** သတ်မှတ်ထားသော အိတ်ကို ဝယ်ပါ။



**2** အမှိုက်များကို အိတ်ထဲသို့ ထည့်၍ ချည်နှောင်ပါ။








- သတ္တုဖြင့်ပြုလုပ်ထားသောပစ္စည်းများ





- ပန်းကန်ခွက်ယောက်များ





မကွဲသေးသောအရာများ



- အိမ်သုံးလျှပ်စစ်ပစ္စည်း အသေးများ




- မီးလုံး



- စပရေးဘူး၊ မီးခြစ်

အထဲတွင် ဘာမှမရှိပါစေနှင့်။



## ဓာတ်ခဲအမျိုးမျိုး

- ဓာတ်ခဲ
- အကြွေစေ့ဆဲလ်
- အားသွင်းနိုင်သည့်ဓာတ်ခဲများ
- ဓာတ်ခဲအဝိုင်းများ
- လက်ကိုင်ဖုန်းသုံးဘက်ထရီ




(1) အတွင်းသို့ မြင်ရသည့် အိတ်တွင်းထည့်၍ ချည်နှောင်ပါ။




(2) လောင်ကျွမ်းမလွယ်သော အမှိုက်များ သိမ်းသည့် ရက်တွင် ပစ်ပါ။

## မီးချောင်း၊ သာမိုမီတာ

( မာကျူရီပါဝင်သည့်အရာ )




- မီးချောင်း



- မာကျူရီသုံးသာမိုမီတာ

(1) အတွင်းသို့ မြင်ရသည့်အိတ်တွင်းထည့်၍ ချည်နှောင်ပါ။

ဝယ်ယူခဲ့သောအချိန်ကဗူးများအတွင်း ထည့်လျှင် လည်းရပါသည်။



(2) လောင်ကျွမ်းမလွယ်သော အမှိုက်များသိမ်းသည့် ရက်တွင် ပစ်ပါ။

POINT မာကျူရီသည်အန္တရာယ်ရှိပစ္စည်းဖြစ်သည်။ မကွဲရှစေရန်အတွက် သတိပြုကြပါ။

# 05 ပုလင်းများ၊ သံဗူးများ

ပုလင်းများ၊ သံဗူးများအား မည်ကဲ့သို့ စွန့်ပစ် ရမည်ကို ဗီဒီယိုဖြင့် ပြသပါမည်။

**1** သတ်မှတ်ထားသော အိတ်ကို ဝယ်ပါ။

**2** အတွင်းကို ဆေးကြောပါ။

**3** အမှိုက်များကို အိတ်ထဲသို့ ထည့်၍ ချည်နှောင်ပါ။




ဆေးကြောပါ။ !






POINT ပုလင်းများ၊သံဗူးများအား အတူတူအိတ်ထဲသို့ထည့်၍ ရသည်။

## ပုလင်းများ

POINT သတ္တုအမျိုးအစား အဖုံးအား ဖြုတ်၍ ပုလင်းများ၊ သံဗူးများထည့်သည့် အိတ်အတွင်း ထည့်ပေးပါ။

POINT ပလတ်စတစ် အမျိုးအစား အဖုံးမှာ လောင်ကျွမ်းလွယ်သော အမှိုက်။



- ယိုပုလင်းများ




- အရက်ပုလင်း




- ရသာမှုန့်ပုလင်း

## သံဗူးများ

POINT စားစရာနှင့် သောက်စရာ သံဗူးများသာ !


- သောက်စရာထည့်သည့်သံဗူးများ







- အစားအစာသံဗူးများ



# ပလတ်စတစ်ပုလင်းများ

06

ပလတ်စတစ်ပုလင်းများအား
မည်သို့ စွန့်ပစ်ရမည်ကို ဗီဒီ
ယိုဖြင့် ရှင်းပြမည်။

1 သတ်မှတ်ထားသော အိတ်ကို ဝယ်ပါ။

2 အဖုံးနှင့် လေဘယ်ကို ဖယ်ရှားပေးရ ပါမည်။

3 အတွင်းကို ဆေး ကြောပါ။

4 အမှိုက်များကိုအိတ်ထဲသို့ ထည့်၍ ချည်နှောင်ပါ။












- ပလတ်စတစ်အချိုရည် ပုလင်းများ




- ပလတ်စတစ်ရသာမှုန့်ပုလင်းများ




ဤအမှတ်အသားများကို ကြည့်ပါ။




## အဖုံးများနှင့် လေဘယ်များသည် လောင်ကျွမ်း လွယ်သော အမှိုက် !




အဖုံးနှင့် လေဘယ်များပါသော ပုလင်းများ များ ပြားပါသဖြင့် အခက်ကြုံနေရပါသည်။ ဖယ်ရှား ပြီးမှသာ စွန့်ပစ်ပါ။




# 07 စက္ကူ၊ အဝတ်အထည်


စက္ကူ၊ အဝတ်အထည် အမျိုး
အစား အမှိုက်များ စွန့်ပစ်ပုံ
ကို ဗီဒီယိုဖြင့် ရှင်းပြပါမည်။

## သတင်းစာစက္ကူများနှင့် လက်ကမ်း စာစောင်များ

စက္ကူကြိုးဖြင့် ချည်နှောင်ပါ။










## ကတ္တူပုံး

စက္ကူကြိုးဖြင့် ချည်နှောင်ပါ။







ကန့်လန့်ဖြတ်လှိုင်းတွန့်များရှိသည့် အရာအား
ကတ္တူပုံး ဖြစ်သည်။

## မဂ္ဂဇင်းများ၊ စာအုပ်များ

စက္ကူကြိုးဖြင့် ချည်နှောင်ပါ။










## နွားနို့ဗူး အစရှိသည့် စက္ကူဗူးများ

စက္ကူကြိုးဖြင့် ချည်နှောင်ပါ။






၅၀၀ မီလီလီတာထက်ပိုသော အရာ

## အထက်ပါ ပစ္စည်းအမျိုးအစား ၄မျိုး မဟုတ်သည့် အခြား စက္ကူပစ္စည်းများ

(၁) စက္ကူအိတ်တွင်းသို့ ထည့်ပါ။

(၂) အိတ်အပေါ်မှ စက္ကူကြိုးဖြင့် ချည်နှောင်ပါ။






ပုံသဏ္ဍာန်အမျိုးမျိုးဖြစ်နေသည့် စက္ကူပစ္စည်းများ




ပလတ်စတစ်ထုပ်ပိုးပစ္စည်းနှင့် အိမ်သာသုံးစက္ကူ
အတွင်းမှ စက္ကူချောင်းများ

## အဝတ်အထည်ပစ္စည်းများ

အတွင်းသို့မြင်ရသည့်အိတ်တွင်းထည့်၍ချ
ည်နှောင်ပါ။






# အကြီးစားအမှိုက်

## အိတ်အတွင်းသို့ ထည့်၍မရသည့် အရာ

08

အမှိုက်ပစ်ရန် နေရာတွင် စွန့်ပစ်၍ မရပါ။



## စွန့်ပစ်ပုံနည်းလမ်းမှာ ၃မျိုးရှိသည်။

### 1 စတစ်ကာ စနစ်

တစ်လလျှင်တစ်ကြိမ် သတ်မှတ်ထား သော ရက်တွင်သာ စွန့်ပစ်ပါ။

* အမှိုက်သိမ်းသည့်ရက်မှာ မိမိ နေထိုင်ရာဒေသပေါ်မူတည်၍ ကွဲပြားပါ သဖြင့် အမှိုက်စွန့်ပစ် ပြက္ခဒိန်တွင် စစ်ဆေးပါ။

၁။ စာတိုက် သို့မဟုတ် ဘဏ်တွင် အကြီးစားအမှိုက်ပစ်ရန် စတစ်ကာကို ဝယ်ယူပါ။




၂။ ပစ္စည်းများတွင် စတစ်ကာကို ကပ်ပါ။

၃။အမှိုက်သိမ်းသည့်ရက်၏မနက်စနာရီ၃ဝမိနစ်မတိုင်ခင် အထိ အိမ်အပြင်ဘက်သို့ ထုတ်ပေးပါ။

အမှိုက်သိမ်းသည့်ရက် မတိုင်ခင် တစ်ရက်အထိ လုပ်ငန်းမှ ဖုန်းဖြင့် ဆက်သွယ်လာပါလိမ့်မည်။ !

### 2 အထူးသိမ်းဆည်းမှု

သိမ်းယူမည့်ရက်ကို လုပ်ငန်းနှင့် ညှိနှိုင်း၍ ဆုံးဖြတ်ကာ လာရောက်သိမ်းယူစေနိုင်ပါသည်။

၁။ လုပ်ငန်းကိုရှာဖွေမည်။

ဆာဂမြို့စွန့်ပစ်အမှိုက်စက်ရုံသို့ ဖုန်းဖြင့်ဆက်သွယ်ပါ။ ☎0952-30-2430

၂။ သိမ်းယူမည့်နေ့တွင် အိမ်အပြင်ဘက် သို့ ထုတ်ပါ။

* သိမ်းယူသည့်နေ့တွင် စောင့်နေပေး ရန် လိုအပ်ပါသည်။

၃၂၀၀ ယန်း မှ ၉၆၀၀ ယန်း အထိ




### 3 ပစ္စည်းအား တိုက်ရိုက်သယ်ယူခြင်း

ပစ္စည်းများအားဆာဂမြို့စွန့်ပစ်အမှိုက်စက်ရုံ သို့ မိမိကိုယ်တိုင်သယ်ယူသွားနိုင်ပါသည်။

၁။ လက်ခံပေးသည့် အချိန်အတွင်း မိမိကိုယ်တိုင် သယ်ယူသွားပါ။





**ဆာဂမြို့ စွန့်ပစ်အမှိုက်စက်ရုံ**

လိပ်စာ: 2369 Oaza Nagase, Takakise-machi, Saga

☎0952-30-2430

[လက်ခံပေးချိန်] * စနေနေ့နှင့် အများပြည်သူရုံးပိတ်ရက်များတွင် ကြိုတင်၍ မှာကြားထားရန် လိုအပ်ပါသည်။

- တနင်္လာမှသောကြာ ·················· ၈နာရီခွဲ မှ ညနေ ၅နာရီ ထိ (အများပြည်သူ ရုံးပိတ်ရက်များ အပါအဝင်)
- စနေနေ့ ·································· ၈နာရီခွဲမှ ၁၂နာရီအထိ (အများပြည်သူ ရုံးပိတ်ရက်များ အပါအဝင်)
- တနင်္ဂနွေနေ့······························ပိတ်ပါသည်။

၅၀ ကီလိုဂရမ်အထိ ၄၀၀ ယန်း

# အိမ်သုံးလျှပ်စစ်ပစ္စည်း ၄မျိုး

အိမ်သုံးလျှပ်စစ်ပစ္စည်း၄မျိုး စွန့်ပစ်ပုံကို ဗီဒီယိုဖြင့် ရှင်းပြပါမည်။

## ဤအမှိုက်များအား အမှိုက်သိမ်းသည့် နေရာတွင် ပစ်၍မရပါ။

တီဗီများ




လေအေးပေးစက်များ



ရေခဲသေတ္တာများ



အဝတ်လျှော်စက်များ



## စွန့်ပစ်ပုံနည်းလမ်း ၃မျိုးရှိပါသည်။

### 1 လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များသို့ အပ်နှံခြင်း

၁။ အနီးဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များသို့ တောင်းဆို၍ စွန့်ပစ်နိုင်ပါသည်။

¥ လျှပ်စစ်ပစ္စည်းဆိုင်တွင် မေးပါ။



### 2 စွန့်ပစ်အမှိုက်စက်ရုံများသို့ အပ်နှံခြင်း

တစ်လလျှင် တစ်ကြိမ် သတ်မှတ်ထားသော နေ့တွင် လာရောက် သိမ်းယူစေနိုင်ပါသည်။

*သိမ်းယူသောနေ့သည်မိမိနေထိုင်ရာဒေသပေါ်လိုက်၍ မတူညီပါသဖြင့် အမှိုက်သိမ်းပြက္ခဒိန်တွင် စစ်ဆေးပါ။

၁။ စာတိုက်တွင် အိမ်သုံး လျှပ်စစ် ပြန်လည် အသုံးချရေးလက်မှတ်နှင့် အိမ်သုံး လျှပ်စစ် ပစ္စည်း စွန့်ပစ်ရန် လျှောက်ထားလွှာ ကို ဝယ်ယူပါ။



ဝယ်ယူပါ။


| အိမ်သုံးလျှပ်စစ် ပြန်လည် အသုံးချရေး လက်မှတ် | ဆဂမြို့ အိမ်သုံးလျှပ်စစ်ပစ္စည်း စွန့်ပစ်ရန် လျှောက်ထားလွှာ |
|---|---|
| ¥ အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းကွာ ခြားသည်။ | ¥ တစ်စောင်လျှင် ယန်း ၃၀၀၀ |

အိမ်သုံးလျှပ်စစ် ပြန်လည် အသုံးချရေး လက်မှတ်၏ ဈေးနှုန်းမှာ အိမ်သုံး လျှပ်စစ် ပြန်လည် အသုံးချရေး လက်မှတ်အရောင်းစင်တာ သို့ မေးမြန်းပါ။

https://www.rkc.aeha.or.jp ☎0120-319640

၂။ လာရောက်သိမ်းယူမည့်နေ့တွင် အိမ် အပြင်ဘက်သို့ ထုတ်ထားပေးပါ။

* သိမ်းယူသည့်နေ့တွင် စောင့်နေပေး ရန် လိုအပ်ပါသည်။




### 3 မိမိကိုယ်တိုင် သယ်ယူပေးရပါမည်။

စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးပြုရေး စင်တာသို့ မိမိကိုယ်တိုင် သယ်သွားရပါမည်။

၁။ စာတိုက်တွင်အိမ်သုံးလျှပ်စစ် ပြန်လည် အသုံးချရေးလက်မှတ်ကို ဝယ်ပါ။



ဝယ်ယူပါ။

အိမ်သုံးလျှပ်စစ်ပြန်လည် အသုံးချရေး လက်မှတ်


¥ အမျိုးအစားပေါ်မူတည်၍ဈေးနှုန်း ကွာခြားပါသည်။

အိမ်သုံးလျှပ်စစ်ပြန်လည်အသုံးချရေး လက်မှတ်ဈေးနှုန်းမှာအိမ်သုံးလျှပ်စစ်ပြန်လည်အသုံးချရေးလက်မှတ်အရောင်းစင်တာသို့ မေးမြန်းပါ။

☎0120-319640
https://www.rkc.aeha.or.jp

၂။ ကျူုးရှူးဆန်းကိုး ပို့ဆောင်ရေးကုမ္ပဏီ လီမိတက် ဆဂအလုပ်ရုံသို့ ကိုယ်တိုင် သယ်ယူသွားပါ။





ကျူုးရှူးဆန်းကိုး ပို့ဆောင်ရေးကုမ္ပဏီ လီမိတက်

**ကျူုးရှူးဆန်းကိုး ပို့ဆောင်ရေးကုမ္ပဏီ လီမိတက်**

လိပ်စာ: 3152 Oaza Yae,Nabeshima-machi,Saga

☎0952-40-0077 တနင်္ဂနွေနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်များမှာ ပိတ်ပါသည်။

# WHY JAPANESE PEOPLE!?

ဘာကြောင့်ပါလဲ !ဂျပန်နိုင်ငံက အမှိုက်တွေကို ဘာလို့ ခွဲခြားထားပါသလဲ။

## ဂျပန်သည် ဤကဲ့သို့သော နိုင်ငံ

- စုပုံထပ်ထားပေးရန်နေရာနည်းပါသည်။
- သဘာဝအရင်းအမြစ် နည်းပါးပါသည်။



## နမြောစရာကောင်း သည် ဟူသော စိတ် MOTTAINAI





## 3R အရ စဉ်းစားခြင်း

Reduce - အမှိုက်များကို လျှော့ချခြင်း

Reuse - အကြိမ်ကြိမ် ပြန်လည် အသုံး ပြုခြင်း

Recycle - အမှိုက်များကို ပြန်လည် အသုံးချနိုင်အောင် လုပ်ခြင်း


## အမှိုက်ဆိုသည်မှာ အရေးကြီး သော "အရင်းအမြစ်"!



နိုင်ငံပေါ်မူတည်၍ အမှိုက်ပစ်ပုံ ပစ်နည်းက မတူကြဘူးလို့ ဆို ပါတယ်။တစ်ဦးနှင့်တစ်ဦး အချင်းချင်း ပိုမို နားလည်နိုင်စေရန် အတွက် အတူတကွ လေ့လာကြပါစို့ !

အမှိုက်အိတ်အမျိုးအစားပေါင်း များစွာရှိ တဲ့အတွက် အံ့အားသင့်ခဲ့ ရပါတယ်။





အမှိုက်တွေကိုဒီလောက်ထိအသေးစိတ်ခွဲခြားရ တဲ့နိုင်ငံဟာ ထူးဆန်းနေပါလိမ့်မယ်။

ဂျပန်နိုင်ငံက အမှိုက်ပစ်ပုံ စည်းမျဥ်းစည်းကမ်း တွေဟာ ရှုပ်ထွေးပါတယ်။ ခက်ခဲပါတယ်။ ...





ကျွန်တော်တို့နိုင်ငံမှာတော့ အမှိုက် ကိုခွဲပြီး မပစ်လည်း ရပါတယ် ။ မီးဖိုချောင်မှထွက်သော အမှိုက်ရော၊ ပုလင်းတွေရော၊ သံဗူး တွေပါ အတူတူရောပြီး ပစ်လို့ ရပါတယ်။

ကျွန်တော်တို့နိုင်ငံမှာတော့ ပုလင်း တွေ၊ သံဗူးတွေ စတဲ့ ပြန်ပြီး သုံး လို့ရတဲ့ပစ္စည်းတွေဆိုရင် ဝယ်သူ ရှိတဲ့အတွက် ရောင်းလို့ ရပါတယ်။





ဂျပန်နိုင်ငံရဲ့လမ်းတွေက သန့်ရှင်းတယ်နော်။ ! လမ်းတွေပေါ် မှာလည်း အမှိုက်တွေ အများကြီး မရှိဘူး။ အံ့အားသင့်ခဲ့ရပါ တယ်။

ဂျပန်မှာ အမှိုက်ပစ်ဖို့အတွက်ကို ပိုက်ဆံပေးဖို့ လိုတယ်ဆိုလို့ အံ့အားသင့်ခဲ့ရပါတယ်။ !





ကျွန်တော်တို့နိုင်ငံမှာဆိုရင် အမှိုက်ကို အချိန်မရွေး ပစ်လို့ ရပါ တယ်။ ဂျပန်မှာတော့ အချိန်သတ်မှတ် ထားတဲ့အတွက် အဆင် မပြေမှု တွေ ရှိပါတယ်။

ဂျပန်လူမျိုးတွေဟာ စည်းမျဥ်း၊ စည်းကမ်းတွေကို လိုက်နာစောင့် ထိန်းသူတွေများပါတယ်။ အရမ်းကို ကောင်းတာပါပဲ။



ပြင်ဆင်ချက်: ဆဂမြို့ ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၊ ပြန်လည်ပြုပြင်အသုံးချမှု မြှင့်တင်ရေးဌာနခွဲ နှင့် ဆဂ အမျိုးသမီး ကာလတိုတက္ကသိုလ် ဒေသဆိုင်ရာအနာဂတ်ဘာသာရပ် ကျောင်းသား
ထုတ်ဝေခြင်း: စကားမြို့ အမှိုက်မီးရှို့ဖျက်ဆီး စက်ရုံ　လိပ်စာ: 2369 Oaza Nagase, Takakise-machi, Saga 849-0917
TEL: 0952-30-2430　FAX: 0952-30-2494　E-mail: junkan@city.saga.lg.jp
2021.3
リサイクル適性Ⓐ
この印刷物は、印刷用の紙へリサイクルできます。